ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (29-1-2011) (ဖြ၅၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေး ဆုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက တတိယဆုရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယ ဝန်ကြီး ဦးဘုန်းဆွေက အကောင်းဆုံးစပေးဘောဆုရ ညိုလှိုင်မြင့် (ပြည်ထဲရေး)၊ အကောင်းဆုံးပင့်ထောင်ဆုရ အေးအေးဝင်း (ကာကွယ်ရေး)၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ ခင်သက်ဝေ (ပြည်ထဲရေး)၊ အကောင်းဆုံး ပိတ်ဆို့ဆုရ စန်းစန်းဌေး (စက်မှု-၁)၊ အကောင်းဆုံး ခုခံဆယ်မဆုရ စောသန္တာ (ကာကွယ်ရေး)နှင့် အကောင်းဆုံး ဘော်လီဘော အားကစားသမားဆုရ စုမြတ်မွန် (ကာကွယ်ရေး) တို့အား အကောင်းဆုံးဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီး ဦးမောင်ဦးက ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုရရှိကြသော အသင်းများအား ဂုဏ်ပြုငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်မှု တစ်ခေတ်ဆန်းစေမည့် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်) ➢ ဓာတ်ပုံမှတ်တမ်း - သန်းဦး(သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အဓိက ရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံတော်ကြီး တစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပီပြင်စွာ ပေါ်ထွန်းလာစေရန် သင့်လျော်သည့်ဒေသများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို စနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မြေလတ်ဒေသနေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရရှိစေပြီး ကျွမ်းကျင်သောစက်မှုလုပ်သားများ (လူ့စွမ်းအားအရင်းအမြစ်များ) မွေးထုတ်ပေးမည့် မကွေးတိုင်းဒေသကြီးမှ မကွေးစက်မှုနယ်မြေစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မကွေးစက်မှုနယ်မြေဖွဲ့စည်းမှုတွင် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)၊ စက်မှုသင်တန်းကျောင်း(မကွေး)၊ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)၊ စက်နှင့် စက်ပစ္စည်းကိရိယာထုတ်လုပ်မှုစက်ရုံ (မြိုင်)နှင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့ ပါဝင်ကြသည်။

မကွေးစက်မှုနယ်မြေအတွင်း ပါဝင်သည့် အကြီးစားစက်နှင့် စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုစက်ရုံ(မြိုင်)ကို ၁၇-၁-၂၀၀၉ ရက်တွင်လည်းကောင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များ (ယာပုံ) **နှင့် မကွေးမြို့နယ် မကွေးစက်မှုနယ်မြေရှိ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)** (အောက်ပုံ)**ကို တွေ့ရစဉ်။**

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြေးမုံ The Mirror ၂၉-၁-၂၀၁၁ (စနေနေ့)

လမ်းသစ် တံတားသစ်ဖွံ့ဖြိုးတိုးတက် မြန်မာ့ကျေးလက်

နိုင်ငံ၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ခိုင်မာပြီး လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ဒေသဖွံ့ဖြိုးရေး အခြေခံလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ပြည်သူများ၏ စီးပွားရေးအခြေခံ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန် စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိစေရေး ဖန်တီးဖော်ဆောင်ပေးနေသည်။ ဆည်တမံရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ဒေသအလိုက် ဆည်ကန်အစုအဖွဲ့များ တည်ဆောက်ပေးထားရာ သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးနိုင်ကြပေပြီ။

ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနေပြီ။ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ တိုးချဲ့ဖောက်လုပ် ဖွင့်လှစ်ပေးနိုင်နေပြီ။ မြစ်ကူးချောင်းကူးတံတားပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ သွားရေးလာရေးလွယ်ကူလာပြီ။ ဒေသထွက်ကုန် ရောင်းဝယ်တင်ပို့မှုများ မြန်ဆန်လာနေပြီဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ ကညင်ချောင်းတံတားကို ဇန်နဝါရီ ၂၁ရက်က ဖွင့်လှစ်လိုက်သည်။ ပေ ၂၄၀ ရှည် သံကူကွန်ကရစ်တံတားဖြစ်၍ ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်ရေး ချောမွေ့လွယ်ကူနေပြီ။ ကျေးလက်ပြည်သူများ တံတားသစ်ကို စတင်အသုံးပြုနေကြပြီ။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ နတ်ကန်လည်-ကျောက်ပုံကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ကို ဇန်နဝါရီ ၂၃ရက်က ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ပုပ္ပားတောင်မကြီး အရှေ့ဘက်ခြမ်းရှိ ကျေးရွာများမှ ပြည်သူများ ကျောက်ပန်းတောင်း၊ မိတ္ထီလာနှင့် မန္တလေးမြို့များသို့ အလွယ်တကူသွားလာ ဆက်သွယ်ရောင်းဝယ်နိုင်ကြပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရရှိနေပြီ။ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ညွှန်းနေသည့် စံပြကျေးရွာအများအပြားကို တွေ့မြင်နေရပြီ။ ဖွံ့ဖြိုးရေးအခြေခံ လမ်းသစ်၊ တံတားသစ်များစွာကို တိုးမြှင့်ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာနေပြီ ဖြစ်ပါသည်။ ။

နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးပေါက်တူးအားရည်စူး၍ ပြည်လမ်း (၁၁) ရပ်ကွက် ခြောက်မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့နေ ဇနီး ဒေါ်ကျင်အေးနှင့် သား၊ သမီး၊ မြေး တစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ အဆင့်မြင့် ခြောက်ထပ်ဆေးရုံ သံဃာတော်သီးသန့်ခန်း တစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံစဉ်။ (သတင်းစဉ်)

ဇောတိကစီမံကိန်း၊ ကံပေါက်ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်အရ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ဇောတိကစီမံကိန်း၊ ကံပေါက်ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအနီးရှိ အဆိုပါရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ PTTEPI ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်၊ တာဝန်ရှိသူများနှင့် ဇောတိကစီမံကိန်းမှ နိုင်ငံခြားသားပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး PTTEPI ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Anon Sirisaengtaksin က ကံပေါက်ယာယီအခြေစိုက်စခန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မောရဝတီရေတပ်စခန်းဌာနချုပ်မှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် PTTEPI ရေနံကုမ္ပဏီ အမှုဆောင်အရာရှိချုပ်တို့က ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်းတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးက ကံပေါက်ယာယီအခြေစိုက်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယာယီအခြေစိုက်စခန်း၏ ကွပ်ကဲမှုရုံးခန်း၊ အစည်းအဝေးခန်းမနှင့် လူနေဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုအခါ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI ရေနံကုမ္ပဏီတို့သည် ဇောတိကစီမံကိန်း၏ Field Development လုပ်ငန်းများ၊ ပင်လယ်ပိုင်း ၂၃၀ ကီလိုမီတာအရှည် ၂၈လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ကုန်းတွင်းပိုင်း ၇၀ ကီလိုမီတာအရှည် ၂၈လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်း၊ ဇောတိကပိုက်လိုင်း ဗဟိုစခန်းတည်ဆောက်ခြင်း၊ ဓာတ်ငွေ့ထိန်းသိမ်းရေးစခန်းများ တည်ဆောက်ခြင်းနှင့် သဘာဝဓာတ်ငွေ့ ပို့လွှတ်ရေးစခန်း တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု မြိုင်မြို့၌ စက်ရေတွင်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းဖြစ်သော မြိုင်မြို့ အမှတ်(၂) ရပ်ကွက် ခြောက်လက်မ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် အဆိုပါ စက်ရေတွင်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ**(အပေါ်ပုံ)** ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ သရက်ဘီလပ်မြေစက်ရုံမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စက်ရေတွင်းသည် တွင်းအနက် ပေ ၄၂၀ရှိ၍ တစ်နာရီ ရေဂါလန် ၃၀၀၀ခန့် ထွက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၄၃၈၅၀၀၊ အလှူရှင်များ ထည့်ဝင်ငွေဖြစ်သော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးဣန္ဒြိလှ မိသားစုက ငွေကျပ် ၆၅သိန်း၊ ဦးအောင်သိန်းမြင့် (သရက်ဘီလပ်မြေစက်ရုံမှူး)မိသားစုက ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၁၂၃၈၅၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၈

တင်လှဝင်းထင်၏ ပန်းချီလက်ရာနှင့်အတူ ကို(တက္ကသိုလ်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ မြင်းမူမောင်နိုင်မိုး၊ ညောင်ရွှေခင်မောင်မြ၊ မောင်လွမ်းပြေတို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညှက်၊ လွမ်းမောင်(သုဝဏ္ဏ)တို့၏ ကာတွန်းလက်ရာများအပါအဝင် မင်းယုဝေ၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်မိုးစည်၊ သက်သခင်ငြိမ်း၊ မောင်စူးစမ်း၊ ပီကျော်ဟန်၊ ညောင်ဦးဖိုးချို၊ သိပ္ပံစိုးမြင့်နိုင်၊ နိုင်(မြန်မာစာ)၊ ဝေမွန်လင်း၊ မနုဿကျော်ဝင်း၊ ရဲမာန်ခ၊ လှဘုန်းအောင်၊ နိုင်ဇော်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်ကြည်သစ်ဦး၊ ကယားမောင်(လွိုင်ကော်)၊ သော်ဇင်သစ်၊ မြင့်ဆွေ(မျက်စိအတု)၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများအပြင် ဆင်ဖြူကျွန်းအောင်သိန်း၊ ခင်မောင်အေး(မန္တလေး)၊ ပုသိမ်ရန်နောင်စိုး၊ ခင်ဆွေဦး၊ မောင်မြင့်မား(ဗိုလ်ကလေး)၊ သင်းအောင်ပန်တို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁)၊ (၃၂) လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန် မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

Delight Trading Co., Ltd. အရောင်းပြခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

Delight Trading Co., Ltd. အရောင်းပြခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄) တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း အမှတ် (၃၈/၃၉)ရှိ အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် Delight Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစောထွန်းဝေနှင့် ဦးကျော်ငွေ (ဝင်းသန်းငွေမင်း ကုမ္ပဏီလီမိတက်)တို့က ဖဲကြိုးဖြတ်၍ လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက စက်ခလုတ်နှိပ်၍ လည်းကောင်း အရောင်းပြခန်းကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် အရောင်းပြခန်းအတွင်း ပြသထားသည့် စက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြခန်းတွင် လေမှုတ်စက်များ၊ မီးစက်များ၊ ရေပန့်များ၊ မီးမြှင့်စက်များ၊ ဘိုးပိုင်တူးစက်တို့ကို ရောင်းချပေးမည်ဖြစ်သည်။

လေမှုတ်စက်များကို တရုတ်(တိုင်ပေ)လုပ် Puma Compressor များ၊ တရုတ်နိုင်ငံလုပ် အဆင့်မြင့် Jaguar Air Compressor များကို အသေးစား လေမှုတ်စက်လေးများမှသည် စက်ရုံသုံးလေမှုတ်စက်ကြီးများအထိ ရရှိနိုင်ပြီး မီးစက်များတွင် ဂျပန်နိုင်ငံလုပ် Denyo အမှတ်တံဆိပ် Sound Proof Generator များ၊ တရုတ်နိုင်ငံလုပ် Yihua, Delight Generator များကိုလည်း အရည်အသွေး အဆင့်အတန်းမီ စိတ်ချယုံကြည်စွာ ဝယ်ယူရရှိနိုင်သည်။

ရေပန့်များအတွက် ဂျာမနီနိုင်ငံလုပ် KSB ရေပန့်များအား မြို့ပြရေရရှိရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ စသည့် လုပ်ငန်းသုံးပန့်များ၊ မီးသတ်ပန့်များ၊ အဝီစိတွင်းသုံးပန့်များ စသည်တို့ကို စိတ်တိုင်းကျ ဝယ်ယူရရှိနိုင်သည်။

တရုတ်နိုင်ငံလုပ် ဝရိန်စက်၊ ဗို့အားထိန်းစက်၊ Piling Machine၊ Bored Pile Drilling Machine နှင့် Tube Well Drilling Machine များ၊ Po-Seng တံဆိပ် PVC ရေပိုက်များလည်း ဝယ်ယူနိုင်သည်။

ဝယ်ယူသုံးစွဲမည့် Customer များအတွက် နှစ်သစ်ကူးအရောင်းမြှင့်တင်ရေး ကာလအဖြစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ဈေးနှုန်းများကို ၁၀ရာခိုင်နှုန်းဖြင့် ရောင်းချပေးသွား မည်ဖြစ်ကြောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၈၀၁၀၄၇၀၊ ၀၁-၅၈၁၄၃၀နှင့် Fax : ၀၁-၅၁၄၈၅၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးအနည်းငယ်ဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုမြို့တွင် သုည ဒသမ ဝ၈ လက်မနှင့် မချမ်းဘောမြို့တွင် သုည ဒသမ ဝ၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပင်မဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေး ဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းအား ပင်မဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

အထက(၂)(ကျောက်ကြီး) ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (ယခင် ကေဘီအမ် အထက်တန်းကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မေတ္တာရပ်ကွက်ရှိ ကျောင်းခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း-၀၉-၅၁၇၁၈၉၄၊ ဒေါ်ခင်ယုံ ဖုန်း-၀၉-၈၀၂၁၅၅၄၊ ဗိုလ်မှူးလှထွန်း(ငြိမ်း) ဖုန်း-၀၁-၅၁၀၄၉၉၊ ဦးညွန့်ရွှေ ဖုန်း-၀၁-၅၀၅၉၈၀၊ ဦးသန်းဝင်း ဖုန်း-၀၁-၆၄၆၃၇၅ နှင့် ဦးအောင်ကြီး (ကျောက်ကြီး) ဖုန်း-၀၅၄-၄၉၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲနှင့် ESD 21 ၏ “Basic principle and parctical advantage of TOYOTA PRODUCTION SYSTEM(TPS)/Lean system” ဆွေးနွေးပွဲကို Myanmar Resources Group က ကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက်တွင် Sedona ဟိုတယ် မင်းတုန်းခန်းမ၌ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် The Future Myanmar Business Report မဂ္ဂဇင်းထုတ်ဝေမည့်အစီအစဉ်ကို မိတ်ဆက်ပြောကြားပြီး TOYOTA ၏တာဝန်ရှိသူများဖြစ်သော ESD 21 ဥက္ကဋ္ဌ Mr. Satoshi Kuroiwa၊ မန်နေဂျင်းဒါရိုက်တာ Mr. Isao Wazawa နှင့်ဒါရိုက်တာ Mr. Akio Suzuki တို့က TOYOTA PRODUCTION SYSTEM(TPS)/ Lean system ၏ အားသာချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Yangon Publishing House အခန်း (၁၂၀၃) တိုက် A-3-1 မြန်မာ့ဂုဏ်ရည်အိမ်ရာ အထက်ပန်းဆိုးတန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၃၁၀၂၊ Sann Pwint Aung Myin Trading Co., Ltd. No. 43/ 45,3rd FL, (Left-Right Side), 27th Street, Pabedan T/S, Yangon, Myanmar ဖုန်း-၃၇၄ ၂၅၂၊ ၃၇၄၂၅၃ နှင့် PLUSD GROUP CO., LTD. No.33 (B), Room No. B2, Yaw Min Gyi Street, Dagon T/S, Yangon ဖုန်း-၂၄၂၄၆၂ နှင့် ၂၅၁ ၂၀၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲများကို မကွေးတိုင်းဒေသကြီးရှိ အားကစားကွင်းများ၌ ဇန် လေးဇန်ခွဲ၍ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့ပွဲစဉ်များအဖြစ် မကွေးခရိုင် အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မင်းဘူးခရိုင် အားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ချောက်မြို့နယ်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၂ ရက်က အမက(၃၁) သဃ်န်းကျွန်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်သက်နောင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆုချီးမြှင့်

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျောင်းရှေ့အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဦးဝင်းမောင် ဆုရရင်သွေးငယ်များအား ဆုချီးမြှင့်စဉ်။ (၃၂)

မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်) မီးဘေးအသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်) မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ (ပြည်)၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီတွင် အဆိုပါ အလုပ်ရုံ၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး (အနောက်) ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦး၊ မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်) လက်ထောက်အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းနှင့် ဝန်ထမ်းများ၊ ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အနောက်) ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးနှင့် အခြေစိုက်အလုပ်ရုံ(ပြည်) လက်ထောက်အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးနေဝင်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရန်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယတပ်ကြပ် လူဇော်နှင့် ဝန်ထမ်းများပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၃၀. ၁. ၂၀၁၁)ရက်နေ့

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၃-၂-၂၀၁၁) ရက်နေ့
နှင့်
(၂၇-၂-၂၀၁၁) ရက်နေ့

သန်လျင် အထက(၂) ၂၀၁၁ ခုနှစ် ပညာရေးစုံညီပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ ရက်က အဆိုပါ ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

ရုရှားနိုင်ငံ မော်စကိုမြို့တော်အနီး ဒိုမိုဒီဒိုဗာလေဆိပ်၌ လုံခြုံရေးအရ စမ်းသပ်စစ်ဆေးမှု ခံယူနေရသော ခရီးသည်များကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

အကြမ်းဖက်အန္တရာယ်သတိပေးချက် အရောင်ဖြင့် အဆင့်သတ်မှတ်ရေးဥပဒေ ရုရှားပြဋ္ဌာန်းဖွယ်ရှိ

မော်စကို ဇန်နဝါရီ ၂၈

လူပေါင်း ၃၅ဦးသေဆုံးခဲ့ရသော မော်စကိုလေဆိပ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် သတိပေးချက်များကို အရောင်ဖြင့် အဆင့်ခွဲခြားသတ်မှတ်နိုင်ရေးအတွက် ဥပဒေတစ်ရပ်ကို ရုရှားပါလီမန်လွှတ်တော်က သောကြာနေ့တွင် ပြဋ္ဌာန်းနိုင်ရန် မျှော်လင့်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှားပါလီမန်၌အဆိုပြုထားသောအကြမ်းဖက်အန္တရာယ် သတိပေးချက်အဆင့် သတ်မှတ်မှုဆိုင်ရာ ဥပဒေကို ၂၀၀၉ခုနှစ် စက်တင်ဘာလကကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာန အမြွှာအဆောက် အအုံ တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ပြည်ထောင်စုက ရေးဆွဲပြဋ္ဌာန်းခဲ့သောဥပဒေကို စံပြုထားသည်။

သို့ရာတွင် အကြမ်းဖက်မှုအန္တရာယ် သတိပေးချက်များကို အရောင်ဖြင့် အဆင့်သတ်မှတ်မှုအား လာမည့်ဧပြီလ၌ ပယ်ဖျက်ရန် အမေရိကန်နိုင်ငံက ကြေညာခဲ့ပြီးဖြစ်သည်။ အရောင်များဖြင့် အန္တရာယ်သတိပေးချက်အဆင့်ကို သတ်မှတ်ဖော်ပြခြင်းသည် အသုံးမဝင်ကြောင်း အကဲခတ်များက ဝေဖန်ခဲ့ကြသည်။

ရုရှားပါလီမန်၌ အဆိုပြုထားသော ဥပဒေကြမ်း၌ အရောင်သုံးမျိုးဖြင့် အန္တရာယ်အဆင့်သတ်မှတ်မည်ဖြစ်ကြောင်း သိရသော်လည်း အသေးစိတ်ကို သတင်း၌ မဖော်ပြထားချေ။

အဆိုပါဥပဒေကြမ်းကို ရုရှားဒူးမားအောက်လွှတ်တော်က ဖေဖော်ဝါရီလ၌တင်သွင်းရန် ပြင်ဆင်ထားသော်လည်း ဒိုမိုဒီဒိုဗာ လေဆိပ် ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ယင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန်အတွက် အဆောတလျင် မဲခွဲဆုံးဖြတ်မှုလုပ်ဆောင်လာခြင်းဖြစ်သည်။ **အေပီ။**

ရှင်မိုဒါကီမီးတောင်မှ မီးတောင်ပြာများ ထွက်ပေါ်နေသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။

ဂျပန်တောင်ပိုင်း မီးတောင်ပေါက်ကွဲ ရထားသွားလာမှု ရပ်ဆိုင်း

ပေကျင်း ဇန်နဝါရီ ၂၈

ဂျပန်နိုင်ငံတောင်ပိုင်းရှိ ရှင်မိုဒါကီမီးတောင်သည် မီးခိုးများနှင့် ချော်ရည်များကို သုံးရက်မြောက်နေ့အဖြစ် ဇန်နဝါရီ ၂၈ ရက်က ဆက်လက် မှုတ်ထုတ်နေခဲ့ကြောင်း သိရသည်။ ဒေသခံတာဝန်ရှိသူများက သတိပေးအဆင့် တိုးမြှင့်ခဲ့ပြီး ယင်းမီးတောင်မှ နှစ်ကီလိုမီတာ ပတ်လည်အတွင်း လည်ပတ်သွားလာမှုကို တားမြစ်ခဲ့သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် အဆိုပါဒေသအတွင်း ရထားခရီးစဉ်များ ရပ်ဆိုင်းခဲ့ရပြီးနောက် ဒေသခံများ၏ နေ့စဉ်ဘဝ အခက်အခဲကြုံတွေ့ခဲ့ရသည်။

ဇန်နဝါရီ ၂၇ ရက်က ဂျပန်နိုင်ငံတောင်ပိုင်း၌ မီးတောင်ပြာနှင့် ကျောက်တုံးများ ကျရောက်ခဲ့ရာ မီယာဇာကီနှင့် ကာဂိုရှီမား စီရင်စုတို့၌ ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၂၆ရက်က ရှင်မိုဒါကီမီးတောင်သည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီတာ ၁၅၀၀ အမြင့်လောက်ထိ မီးခိုးများ မှုတ်ထုတ်သဖြင့် တောင်ခြေအနီးနေထိုင်သော မိသားစုကိုးစုအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ယခုအချိန်ထိ တစ်ဦးတစ်ယောက်မျှ ပြင်းထန်စွာ ထိခိုက်မှုမရှိသော်လည်း မီးတောင်အနီးဝန်းကျင်ရှိရထားလမ်းနှင့် အဝေးပြေးလမ်း အများအပြား ပိတ်ခဲ့ရသည်။

မီးတောင်ပြာများကြောင့် တိုကျိုမှ မီယာဇာကီသို့ ပျံသန်းမည့် ပြည်တွင်းခရီးစဉ်လေးခုထက်မနည်း ဖျက်သိမ်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာတိတ်သမုဒ္ဒရာရေစီးကြောင်း လွန်ခဲ့သော နှစ် ၂၀၀၀ ကထက် ပိုပူနွေးလာ

အော့စလို ဇန်နဝါရီ ၂၈

အာတိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်သော မြောက်အတ္တလန္တိတ်သမုဒ္ဒရာရေစီးကြောင်းတစ်ခုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ကထက် ပိုမိုပူနွေးလာလျက်ရှိရာ မြောက်ဝင်ရိုးစွန်းဒေသ၌ ရေခဲကင်းမဲ့သော ပင်လယ်များ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ထွန်းလာဖွယ်ရှိကြောင်း သောကြာနေ့ကထုတ်ပြန်သော လေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဂရင်းလန်းကျွန်းနှင့် နော်ဝေပိုင် ဘဲလ်ဂတ်ဒ်ကျွန်းတို့အကြား ဖြတ်သန်းစီးဆင်းသော ဖရမ်ဒ်ရေစီးကြောင်း၏ မြောက်ဘက်ရေပြင်သည် အစောပိုင်းကာလ နွေရာသီများအတွင်း အပူချိန် ခြောက်ဒီဂရီဆဲလ်စီးယပ်စ်အထိရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းအပူချိန်သည် ရောမခေတ်နှင့် အလယ်ခေတ်များအတွင်းရှိခဲ့သော ရေစီးကြောင်း၏ သဘာဝအပူချိန်ထက် ပိုမိုပူနွေးသည်ဟုဆိုသည်။

ပင်လယ်ရေအောက် အနည်ကျမြေလွှာများအောက်၌ နစ်မြုပ်နေသော ဇီဝရုပ်များကို လေ့လာချက်အရ အာတိတ်သမုဒ္ဒရာ ဖရမ်းရေလက်ကြားရေပြင်၏အပူချိန်သည် ၁၈၉၀ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ပျမ်းမျှအပူချိန် ၅ဒသမ ၂ဒီဂရီဆဲလ်စီးယပ်ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၁၉၀၀ခန့်ကမူ ၃ဒသမ ၄ဒီဂရီဆဲလ်စီးယပ်စ်သာရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

ချီလီ၌ မြေငလျင်လှုပ်ခဲ့ပြီးချိန်နောက်ပိုင်း ပြည်သူငါးသိန်း ဆင်းရဲမွဲတေသူဘဝကျရောက်

ဆန်တီယာဂို ဇန်နဝါရီ ၂၈

ချီလီနိုင်ငံ၌ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ရက်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခဲ့ပြီးချိန်နောက်ပိုင်း ပြည်သူငါးသိန်းမှာ ဆင်းရဲမွဲတေသူများဘဝသို့ ကျရောက်သွားခဲ့ရကြောင်း အစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၇ရက်တွင် ပြောကြားသည်။

ချီလီနိုင်ငံ၌ ပြည်သူ ၁၇ဒသမ ၃ရာခိုင်နှုန်းမှာ မြေငလျင်ဒဏ်ကို ဆိုးဆိုးရွားရွားတွေ့ကြုံခံစားခဲ့ကြရသူများဖြစ်ကြောင်း၊ မြေငလျင်ကြောင့် ၎င်းတို့၏လူနေအိမ်များ ပျက်စီးခဲ့ရကြောင်း အစိုးရ၏လေ့လာချက် စစ်တမ်းအရ သိရသည်။

တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ၌ လူဦးရေ ၁၆သန်းနေထိုင်ပြီး ၁၉ဒသမ ၄ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြောင်း၊ မြေငလျင်လှုပ်ခဲ့ပြီးနောက် ဆင်းရဲသူဦးရေ ပိုမိုတိုးပွားလာခဲ့ကြောင်း စီမံကိန်းရေးဆွဲရေးဝန်ကြီး ဖဲလစ်ကက်က ပြောကြားသည်။

ချီလီနိုင်ငံ၌ မြေငလျင်ဘေးဒဏ်မှ နာလန်ထူလာနိုင်စေရန် ကြိုးပမ်းကြရမည့်အချိန်တွင် ပြည်သူများ စည်းလုံးညီညွတ်မှုရှိကြရန် ၎င်းကတိုက်တွန်းသည်။

မြေငလျင်ဘေးဒဏ်ခံဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်မှု နှေးကွေးလေးလံမှု ရှိသည်ဟု မြေငလျင်ဒုက္ခသည်များက ဝေဖန်ပြောဆိုခဲ့ကြသည်။

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်နှစ်က လှုပ်ခဲ့သောမြေငလျင်၏ပြင်းအားမှာ ၈ဒသမ ၈ရှိပြီး အင်အားအပြင်းထန်ဆုံး မြေငလျင်များတွင် ပါဝင်သည်။ **အင်တာနက်။**

အင်ဒိုနီးရှားတွင် ကူးတို့သင်္ဘောမီးလောင်၊ ၁၁ ဦး သေဆုံး

ဂျကာတာ ဇန်နဝါရီ ၂၈။ ။ အင်ဒိုနီးရှားနိုင်ငံ ဘန်တင်းန်ပြည်နယ်တွင် ဇန်နဝါရီ ၂၈ရက်က ခရီးသည်တင် ကူးတို့သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ ခရီးသည် ၁၁ ဦးသေဆုံးပြီး ၂၀၀ နီးပါး ဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။

ကူးတို့သင်္ဘော လောက်တ်တီဒတ်ချ်-၂ သည် နံနက် ၃နာရီခန့်က ဂျာဗားကျွန်း မာရက်ခ်ဆိပ်ကမ်းမှ ဆူမတြားကျွန်းသို့ ထွက်ခွာလာစဉ် မီးလောင်မှုဖြစ်ပွားကြောင်း အေပီသတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါသင်္ဘောပေါ်တွင်ခရီးသည်၄၂၇ဦးကိုတင်ဆောင်လာကြောင်း၊ ကျန်ခရီးသည်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်ရန် သင်္ဘောငါးစင်းကို စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို လတ်တလောတွင် ရှင်းလင်းစွာ မသိရသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ***

ကဘူးရှိ ကုန်ပဒေသာဆိုင်ကြီး၌ ဗုံးပေါက်ကွဲ နိုင်ငံခြားသားအမျိုးသမီးသုံးဦးအပါအဝင် ရှစ်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်တွင် ဇန်နဝါရီ ၂၈ ရက်က အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ နိုင်ငံခြားသား အမျိုးသမီးသုံးဦး အပါအဝင် ရှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများတွင် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးသုံးဦးပါဝင်ပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများအနက် လေးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း ကဘူးရဲတပ်ဖွဲ့မှူး မိုဟာမက်ဆာလန်ဂီက ပြောကြားသည်။

အဆိုပါ ကုန်ပဒေသာဆိုင်ကြီးမှာ ကဘူးမြို့တော်ရှိ ကုန်ပဒေသာဆိုင်များအနက် အကောင်းဆုံးဖြစ်ပြီး နိုင်ငံခြားသားများ မကြာခဏဈေးဝယ်ထွက်သည့် နေရာတစ်နေရာဖြစ်ကြောင်း၊ သံရုံးများနှင့် မဝေးကွာသော နေရာတွင်ရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟက်စမာတူလာက ပြောကြားသည်။

ဒဏ်ရာရရှိသူများတွင် ကုန်ပဒေသာဆိုင်ကြီး၌ အလုပ်လုပ်ကိုင်သော အမျိုးသားဝန်ထမ်းသုံးဦးပါသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်း ကဘူးရဲတပ်ဖွဲ့က အတည်ပြုသည်။ ပုဂ္ဂလိကလုံခြုံရေးကန်ထရိုက်လုပ်ငန်းရှင်များကို ပစ်မှတ်ထားကာ မိမိတို့တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မူဂျာဟစ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီဖြစ်သော ဘလက်ဝါးတားကုမ္ပဏီ အကြီးအကဲနှင့် ၎င်း၏လုံခြုံရေးဝန်ထမ်းအချို့ ယင်းကုန်ပဒေသာဆိုင်ကြီး၌ ဈေးဝယ်နေခဲ့ပြီး ၎င်းတို့ကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်ဟု တာလီဘန်အဖွဲ့က ပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ ကုန်ပဒေသာဆိုင်ကြီး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား သယ်ထုတ်နေသည်ကို တွေ့ရစဉ်။

ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ပြီးနောက် အာဟာရဓာတ်ပြည့်ဝမှုမရှိသည့် ပြဿနာ ပါကစ္စတန်ကလေးများ ရင်ဆိုင်နေရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၈

ယမန်နှစ်က ရေလွှမ်းမိုးမှုဒဏ်ကို အကြီးအကျယ်ခံစားခဲ့ရသော ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်တောင်ပိုင်းရှိ ကလေးများသည် အာဟာရဓာတ်ပြတ်လပ်မှုဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း ဇန်နဝါရီ ၂၇ရက် သတင်းများတွင် ဖော်ပြသည်။

ဆင်းပြည်နယ်တောင်ပိုင်းရှိကလေးများ အာဟာရဓာတ်ပြတ်လပ်မှု အတိုင်းအဆပမာဏသည် အာဖရိကတိုက်၌ ကြုံခဲ့ရသော စားနပ်ရိက္ခာခေါင်းပါးမှုပြဿနာနှင့် နှုန်းထားတူညီကြောင်း ကုလသမဂ္ဂ၏ အဆိုအရ သိရသည်။

လူနေအိမ် ၁ဒသမ ၇သန်းပျက်စီးခဲ့ရ၍ လူဦးရေ ၁၈သန်းကျော်ကို အကျိုးသက်ရောက်မှုရှိခဲ့သော ရေဘေးဒုက္ခမှ ပြန်လည်နာလန်ထူရန် ကြိုးပမ်းနေသော ပါကစ္စတန်နိုင်ငံအဖို့ ရေဘေးဒဏ်ခံဒေသများ၌ ကလေးများ အာဟာရဓာတ်ပြတ်လပ်နေမှုသည် ခက်ခဲသောပြဿနာတစ်ရပ်ဖြစ်လာသည်။

ရေလွှမ်းမိုးမှုအပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ဆင်းပြည်နယ်အစိုးရတို့၏ လေ့လာတိုင်းတာချက်များအရ ဆင်းပြည်နယ်ရှိ ကလေးဦးရေ လေးပုံတစ်ပုံသည် အာဟာရဓာတ် မပြည့်ဝသည့်ပြဿနာနှင့် ရင်ဆိုင်နေကြရသည်ဟု ဆိုသည်။ **အေပီ။**

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ယခင် အထက(၅) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ပဲခူး ဇန်နဝါရီ ၂၈

ပဲခူးမြို့ ယခင် အထက(၅) (ဆရာကြီးဦးသာဒင် အထူးသဒ္ဒါသင်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်ဆုံတွေ့ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ဉဿာမြို့သစ် ကျိုက်ပွန်လေးမျက်နှာဘုရား အနောက်ဘက်ရှိ ချမ်းမြေ့ရိပ်မြိုင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ ထည့်ဝင်လိုပါက ချမ်းမြေ့ရိပ်မြိုင်ကျောင်း ဆရာတော် ဖုန်း- ၀၉-၅၃၀၁၄၆၅၊ ဦးလှဌေး ဖုန်း- ၀၉-၈၆၅၁၅၀၇၊ ဦးတောက်ထွန်း ဖုန်း- ၀၉-၅၃၀၁၃၇၀၊ ဦးစိုးရှိန် ဖုန်း- ၀၉-၅၃၁၂၃၃၄၊ ဦးတင်ထွန်း ဖုန်း- ၀၉-၈၆၅၂၂၇၅၊ ဒေါ်ခင်မို့မို့နီ ဖုန်း- ၀၅၂-၂၁၉၅၁ နှင့် ဒေါ်စုစုဝေ ဖုန်း-၀၅၂-၂၀၀၃၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ် ဈေးရောင်းပွဲတော် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ် ဈေးရောင်းပွဲတော်နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ ဈေးရောင်းပွဲတော်ဆိုင်ခန်းများ နေရာချထားရေးနှင့် ပြသရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ၊ ဖျော်ဖြေရေးနှင့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ရန်ကုန်မြို့ ကရဝိက်ဉယျာဉ်ကမ္ဘာ မျှော်စင်ကွန်း၌ ကျင်းပသွားမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်၌ အထူးရောင်းချမှုအစီအစဉ်အဖြစ် Gandamar Whole Sale က လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းအသစ်များကို စားသုံးသူများသို့ စတင်မိတ်ဆက်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ်မြောက် ဈေးရောင်းပွဲတော်နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဈေးရောင်းပွဲတော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ထုတ်ကုန်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးတို့မှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများ၊ ရမ္မာမော်တော်ယာဉ်၊ နောင်ရိုး မော်တော်ယာဉ်၊ စားသောက်ကုန်မျိုးစုံ၊ ဒေဝူးနှင့် ဆေးဂဲလ် အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်အမျိုးမျိုးနှင့် ပလတ်စတစ် လူသုံးကုန်ပစ္စည်းများ အစရှိသည်တို့ကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဝန်ဆောင်မှုကဏ္ဍတွင် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း၊ လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ ပါရမီတက္ကစီလုပ်ငန်း၊ မြဝတီ ခရီးသွားလုပ်ငန်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။

AMBUR ELECTRONIC ဆိုင်တွင် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ရုပ်သံဖမ်းစက်၊ လေအေးပေးစက်တို့ အပါအဝင် အသုံးအဆောင် ပစ္စည်းမျိုးစုံကို ရောင်းချသွားမည်ဖြစ်သည်။ ထို့ပြင် True, Tokiwa, Aphrodite, MAMEE, Premier စသည့် အရောင်းဆိုင်များ ပါဝင်ဖွင့်လှစ်ရောင်းချသွားမည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် Berger အိမ်သုတ်ဆေးမျိုးစုံ၊ Myanmar Posco Steel က အမိုးသွပ်များကိုလည်း ရောင်းချသွားမည်ဖြစ်သည်။

ဈေးရောင်းပွဲတော် ကာလအတွင်း ပစ္စည်းအမျိုးအစားအလိုက် ဈေးလျှော့ရောင်းချမည့်အပြင် ကံစမ်းမဲ လက်မှတ်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မဲဖောက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုမဲများအဖြစ် ရမ္မာမော်တော်ယာဉ် တစ်စီးအပါအဝင် တီဗွီ၊ ရေခဲသေတ္တာ၊ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများနှင့် အခြားဆုမဲပေါင်းများစွာ ပါဝင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဟသ်ာတ စက်မှုလက်မှုသိပ္ပံ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၈၇-၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ဆရာ၊ ဆရာမများအား စုပေါင်း ပူဇော်ကန်တော့ကြစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၅ ၈။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၅။ Yan Can Cook
၁၂း၅၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၁)**
၁း၅၀ ၇။ **"မဟော်သဓာ" (အပိုင်း-၁၇) (ဖိုးသောကြာ၊ အားသစ်၊ နဒီဝင့်နိုင်၊ ပပစိုးကြည်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)**
၂း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၂း၃၀ ၉။ အတီးပြိုင်ပွဲ
၂း၅၀ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန် United F.C နှင့် ဇေယျာရွှေမြေ F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁၇)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၉၄)**
၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၁)**
၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
၁၄။ အစီအစဉ်ပြီး၏။

တိ/မွေးကု တက္ကသိုလ် အင်းစိန်B.V.S (၁၉၇၁-၇၇) မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

တိ/မွေးကု တက္ကသိုလ် အင်းစိန် B.V.S (၁၉၇၁-၇၇)ဘွဲ့ရများ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ Western Park Royal Restaurant (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်ရာ Dr. စိုးဝင်း- Dr. ဘေဘီတိုး ဖုန်း-၆၁၁၄၂၈၊ ၀၉-၅၁၈၀၂၃၂၊ Dr. မျိုးတင့်၊ Dr. နုနုဝင်း ဖုန်း- ၂၂၆၉၄၂၊ ၀၉-၅၁၁၁၈၂၉၊ Dr. နန်းခင်မေဖူး ဖုန်း- ၅၇၈၂၁၉၊ ၀၉-၅၀၀၃၁၈၃၊ Dr. ခင်ကျော့ယဉ် ဖုန်း- ၀၂-၆၆၀၃၇၊ ၀၉-၂၀၀၂၈၄၁၊ Dr. မန်းတင်ဝင်း ဖုန်း- ၀၂-၇၇၀၇၉၊ ၀၉-၂၀၅၄၆၇၄ နှင့် Dr. မောင်မောင်ကြီး ဖုန်း- ၇၃၀၈၂၀၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိန် သူငယ်တန်း(က)မှ ပထမဆုရ မယွန်းယမုံခင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နွေစပါးလျှာထားကေ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရေစကြို ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးသည် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၂၇ ရက် နံနက်တွင် မြေခဲတောင်ဆည်နှင့် ငွေးချိုဆည်များသို့ သွားရောက်ကြပြီး ဆည်ရေသောက် ဧရိယာအတွင်း နွေစပါးလျှာထားကေ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၃၇၄)

မီးဘေးလုံခြုံရေး ပညာပေးဟောပြော

ဇန်နဝါရီ ၆ ရက်က မီးဘေးလုံခြုံရေး ပညာပေးဟောပြောပွဲကို ဝါးခယ်မမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ပိုက်မိခန်းမ၌ ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူများ မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များနှင့် လိုက်နာဆောင်ရွက်ရမည့် မီးဘေးကြိုတင်ကာကွယ်ရေးများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။ (၁၈၂)

မီးဘေးရှောင် မလောင်ခင်တား

ဆောင်း ... နှင်း ... မိုး ... လေ

ကျော်လွင်ဦး (မိုး/ဇလ)

ယခုအချိန်သည် အာရှတိုက်ဒေသများတွင် ဆောင်းရာသီ အားကောင်းနေသည့် အချိန်ကာလဖြစ်ပါသည်။ ရာသီအလိုက် ပုံမှန်လေတိုက်ခတ်ရာအရပ်ကို အစွဲပြု၍ အရှေ့မြောက် မုတ်သုံရာသီလေ(ဆောင်းရာသီ)နှင့် အနောက်တောင်မုတ်သုံရာသီလေ(နွေရာသီ)ဟု မြန်မာနိုင်ငံတွင် ထင်ရှားသည့် မုတ်သုံလေ နှစ်မျိုးရှိပါသည်။ အနောက်တောင်မုတ်သုံကာလအတွင်း တစ်နှစ်ပတ်လုံးရွာသွန်းသည့် မိုးရေချိန်၏ ၉၀ ရာခိုင်နှုန်းကျော်ရရှိ၍ ဆောင်းရာသီတွင် မိုးရွာသွန်းမှုနည်းပါးပြီး အေး၍ခြောက်သွေ့သော အချိန်ကာလများဖြစ်ပါသည်။ ယခုဆောင်းပါးတွင် ဆောင်းရာသီအချိန်ကာလများတွင် ဖြစ်ပေါ်ကြုံတွေ့ရတတ်သည့် မိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်အချို့ကို ဆွေးနွေးတင်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ ဆောင်းမုတ်သုံ အားအကောင်းဆုံးကာလများမှာ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး မြေပြင်အနီးတိုက်လေများမှာ အရှေ့(သို့မဟုတ်) အရှေ့မြောက်ဘက်မှ တိုက်ခတ်ပါသည်။ တိုက်လေလာရာအရပ်မှာအေး၍ခြောက်သွေ့သော ကုန်းမြေများမှ ဖြတ်သန်းလာရသဖြင့် လေအေးများဖြစ်ပြီး အေးမြသော ဆောင်းရာသီကို ခံစားရပါသည်။ တစ်ခါတစ်ရံ ဟိမဝန္တာတောင်ဘက်မှ အနောက်မြောက် လေအေးများ ဝင်ရောက်လာလေ့ရှိပြီး အထက်ပိုင်းဒေသများနှင့် ကုန်းမြင့်ဒေသတို့တွင် အအေးပိုစေတတ်သည်လည်းရှိပါသည်။ နွေမုတ်သုံရာသီ အားကောင်းလျှင် မုတ်သုံမိုးများသည်းထန်စွာ နေရာအနှံ့အပြား ရွာသွန်းသကဲ့သို့ ဆောင်းမုတ်သုံအားကောင်းပါက အအေးပိုစေပါသည်။ မြန်မာနိုင်ငံအရပ်ရပ်သို့ နွေရာသီတိုက်ခတ်သောလေမှာ ပင်လယ်ဘက်မှ ရေခိုး၊ ရေငွေ့များ ပါဝင်သည့် ပူနွေးစွတ်စိုသောလေများဖြစ်ပြီး ဆောင်းရာသီတိုက်ခတ်သောလေမှာ ရေခိုး၊ ရေငွေ့ပါဝင်မှုနည်းပါးပြီး အေး၍ခြောက်သွေ့သောလေများဖြစ်ပါသည်။ မိုးလေဝသအခြေအနေများမှာ တိုက်လေလာရာအရပ်ပေါ် မူတည်ပြောင်းလဲခြင်းကြောင့် ဖြစ်ပါသည်။

အလွန်အေးတဲ့ရာသီ

မြန်မာနိုင်ငံဆောင်းရာသီကာလ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဇန်နဝါရီလသည် အအေးဆုံးကာလဖြစ်ပြီး လစဉ်ပျမ်းမျှအနိမ့်ဆုံးအပူချိန်များအား ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် လေ့လာပါက ကချင်ပြည်နယ်တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်တွင် ၁၅ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ၁၈ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၁၃ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၂ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၆ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၇ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၇ ဒီဂရီစင်တီဂရိတ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁၈ ဒီဂရီစင်တီဂရိတ်တို့ အသီးသီးရှိပါသည်။ ကိန်းဂဏန်းတစ်လုံးတည်း ညအပူချိန်များ (Single Digit Night Temperature) ကို ကုန်းမြင့်ဒေသများတွင်သာ တွေ့ရမည် ဖြစ်ပါသည်။

အချိန်အခါမဟုတ်မိုးရွာသွန်းခြင်း

ဆောင်းရာသီတွင် ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများမှာ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း၊ အအေးပိုခြင်း၊ မြူထူဆိုင်းခြင်းနှင့် အရှေ့လေပြင်းများ တိုက်ခတ်လေ့ရှိခြင်းတို့ဖြစ်ပါသည်။ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ သက်ရောက်မှုကြောင့်သော်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်သော်လည်းကောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးရွာသွန်းနိုင်ပါသည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း မိုးရွာသွန်းမှုနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အတွင်း မိုးရွာသွန်းမှုများမှာ အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့်ဖြစ်ပါသည်။ မိုးရွာသွန်းမှုမှာ ဒေသအချို့တွင် ၂၄ နာရီအတွင်း မိုးရေချိန်တစ်လက်မခွဲမှ နှစ်လက်မခွဲအထိ ရွာသွန်းခဲ့ပြီး စံချိန်တင်မိုးရေချိန်များရရှိခဲ့ကြောင်း တွေ့ရပါသည်။ မိုးရွာသွန်းမှုကြောင့် ဆောင်းသီးနှံအချို့အတွက် အစိုဓာတ် ရရှိစေခဲ့သော်လည်း အချို့သီးနှံများနှင့် နေလှန်းဆားလုပ်ငန်းတို့အတွက်မူ ဖျက်မိုးဖြစ်ခဲ့ကာ မိုး/ဇလဦးစီးဌာနမှ ကြိုတင်သတင်းထုတ်ပြန်နိုင်ခဲ့ပါသည်။

အအေးပိုခြင်း

အအေးပိုခြင်းဖြစ်ပေါ်စေတတ်သည့် မိုးလေဝသအခြေအနေမှာ လမ်းကြောင်း(၁)အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်းတွင်ဖြစ်ပေါ်သော လေဖိအားများဒေသကြီး (High Pressure Area) မြန်မာနိုင်ငံဘက်သို့ ဆန့်တန်းရာမှ လေအေးများဝင်ရောက်တတ်ခြင်းနှင့် လမ်းကြောင်း(၂)အဖြစ် အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများမှတစ်ဆင့် အနောက်မြောက်လေအေးများသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများသို့ ဝင်ရောက်ခြင်းဟူ၍ လမ်းကြောင်းနှစ်မျိုးရှိပါသည်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ပထမ ၁၀ ရက်အတွင်း အချိန်အခါမဟုတ်မိုးရွာသွန်းခဲ့ပြီး ဒုတိယ ၁၀ ရက်အတွင်း အအေးပိုခဲ့ပါသည်။ အထူးသဖြင့် အမြင့်ပေ ၄၀၀၀ နှင့် ၆၀၀၀ ခန့်ရှိသော ကုန်းမြင့်ဒေသတို့တွင်သာ စံချိန်တင်အအေးပိုခဲ့ပြီး အခြားဒေသများတွင် စံချိန်တင်အအေးပိုခြင်းမရှိခဲ့ကြောင်း တွေ့ရပါသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ပထမ ၁၀ ရက်အတွင်း အချိန်အခါမဟုတ်မိုးများ ထပ်မံရွာသွန်းခဲ့သဖြင့် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှအပ ကျန်ဒေသများတွင် သိသိသာသာအအေးပိုနေသည့် ဒေသများမရှိခဲ့ကြောင်း တွေ့ရပါသည်။ " When stars shine clear and bright, We will have a very cold night" (ကြယ်တာရာများလင်းလက်တောက်ပနေခြင်းသည် ကျွန်ုပ်တို့အတွက် အအေးပိုသောညများရှိလာဦးမည်) ဟူသော မိုးလေဝသဆိုရိုးအတိုင်း ဇန်နဝါရီညများ၏ ကောင်းကင်ယံတွင် ကြယ်ရောင်များ လင်းတစ်လှည့် မှိန်တစ်လှည့် ဖြစ်ပေါ်ခဲ့ပါသည်။ လွန်ခဲ့သော ၁၉၆၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၄၀ အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဇန်နဝါရီလအတွင်း မြို့အလိုက် အနိမ့်ဆုံး ကျဆင်းခဲ့သော ညအပူချိန်များကို ဖြစ်ပေါ်ခဲ့သည့် နေ့များဖြင့် ယှဉ်တွဲလျက် ဇယား(၁)တွင် ဖော်ပြထားပါသည်။ အအေးပိုနေသည့် အခြေအနေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အသီးသီးရှိ မိုးလေဝသစခန်းများအလိုက် ညအပူချိန်ကွာခြားချက်များကို တွက်ချက်၍ နေ့စဉ်မိုးလေဝသ သတင်းများတွင် ထုတ်ပြန်ပေးပါသည်။ ထို့အပြင် အပူချိန်ကျဆင်းမှုပြင်းအား၊ အပူချိန်ကျဆင်းနေသည့် အချိန်ကာလ၊ အပူချိန်ကျဆင်းမှု ပျံ့နှံ့သည့် ဒေသအကျယ်အဝန်းနှင့် မြေပြင်မိုးလေဝသ အခြေအနေတို့အပေါ် မူတည်လျက် အအေးပိုနိုင်မည့်ဒေသများကို နေ့စဉ်မိုးလေဝသသတင်း၊ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်တွင်လည်းကောင်း၊ အထူးသတင်းများ ထုတ်ပြန်၍သော်လည်းကောင်း ကြိုတင်ခန့်မှန်း ထုတ်ပြန်ပါသည်။

မြူထူဆိုင်းခြင်း

ဆောင်းရာသီအတွင်းဖြစ်ပေါ်မှုများသည် အခြားအရေးပါသော မိုးလေဝသအခြေအနေ တစ်မျိုးမှာ မြူထူဆိုင်းခြင်း (Foggy Weather) ဖြစ်ပါသည်။ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းသော မိုးလေဝသအခြေအနေတို့ကို ဖြစ်ပေါ်စေသည့် မိုးတိမ်တောင် (Cumulonimbus) ဖြစ်ပေါ်နေခြင်းသည် လေထုအလွန်အမင်းအခြေမခိုင်ခြင်း (Extremely Unstable Atmosphere) အခြေအနေကို ဖော်ပြနေသကဲ့သို့ ဆောင်းတွင်းအခါ မြူထူများထူထပ်သိပ်သည်းစွာ ကျရောက်နေပါက လေထုအလွန်အမင်းအခြေခိုင် (Extremely stable Atmosphere) သည်ဟု သတ်မှတ်ပါသည်။ မြူထူဆိုင်းခြင်းသည် ဖြစ်ပေါ်သော ဒေသတည်နေရာ၊ ကုန်းမြေ အနိမ့်၊ အမြင့်များပေါ် မူတည်၍ ကုန်းမြင့်၊ တောင်တန်းများတွင် ဖြစ်ပေါ်သောမြူထူ (Hill Fog)၊ နွေးသော ရေမျက်နှာပြင်သို့ အေးသောလေများ ဖြတ်သန်းတိုက်ခတ်ရာမှ ဖြစ်ပေါ်သော (Advection Fog)၊ ညအချိန် မြေပြင်မှ အပူဖြာထွက်ခြင်းနှင့် ငွေ့ရည်ဖွဲ့ရာမှ ဖြစ်ပေါ်သော (Radiation Fog) နှင့် သမပိုင်းဒေသများတွင် လေအေးနှင့် လေနွေးများတွေ့ဆုံရာဒေသများတွင် ဖြစ်ပေါ်တတ်သည့် (Frontal Fog) ဟူ၍ မြူထူဆိုင်းခြင်းအခြေအနေများစွာ ရှိပါသည်။ နေထွက်ပြီးနောက် တစ်နာရီမှ နှစ်နာရီအတွင်း မြေပြင်အပူချိန် မြင့်တက်လာကာ မြူထူဆိုင်းခြင်းသည် ရေငွေ့ပျံ၍သော်လည်းကောင်း၊ တိမ်နိမ့်များအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားပါသည်။ မြူထူများသည် တစ်နည်းအားဖြင့် မြေပြင်သို့ရောက်ရှိသော တိမ်များဖြစ်ပါသည်။ ထူထပ်သော မြူထူဆိုင်းချိန်တွင် မြေပြင်အဝေးမြင်တာ (Surface Visibility)၊ မြေပြင်မှအထက်/အောက် အဝေးမြင်တာ (Vertical Visibility/Slant Visibility) များ မိုင်ဝက်အောက် လျော့နည်းပြီး ရေကြောင်း၊ လေကြောင်း၊ ယာဉ်၊ ရထားများသွားလာရေးအတွက် အချိန်နှောင့်နှေးစေပါသည်။ အထူးသဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ပြည်တွင်းလေကြောင်း ပျံသန်းရေး လေယာဉ်များအတွက် အချိန်မှန်ကန်မှု (Regularity)နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) တို့အတွက် ရေယာဉ်မှူး၊ လေယာဉ်မှူးကြီးများ ဂရုပြုရသည့် မိုးလေဝသဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။

လေပြင်းတိုက်ခတ်ခြင်း

ဆောင်းရာသီအားကောင်းသည့်ကာလများအတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနောက်တောင်ပိုင်းဒေသများတွင် မြေပြင် လေဖိအားကွာခြားမှုများပြီး အကျိုးဆက်အနေဖြင့် ကပ္ပလီပင်လယ်ပြင်တွင် အရှေ့လေပြင်းများ တိုက်ခတ်လေ့ရှိကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးတတ်ပါသည်။ ရေပြင်/မြေပြင်လေမှာ အရှေ့ဘက်မှ တစ်နာရီ မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်ပါသည်။ မိုး/ဇလဌာနအနေဖြင့် အထက်ပါ လေဖိအားစနစ် အားကောင်းခြင်းရှိမရှိကို အဓိကစောင့်ကြည့်လျက် နေ့စဉ်မိုးလေဝသသတင်းနှင့် ပင်လယ်ပြင်ခရီး မိုးလေဝသခန့်မှန်းချက်များတွင် အရှေ့လေပြင်းတိုက်ခတ်မည့် သတိပေးချက်ကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ လေပြင်းတိုက်ခတ်သည့် အခြားမိုးလေဝသအခြေအနေမှာ မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၏ အမြင့်ပေ ၁၈၀၀၀ နှင့် အထက်တွင် အနောက်မှ အရှေ့သို့လေပြင်းများ တစ်နာရီ မိုင် ၅၀ မှ ၇၀ နှုန်းဖြင့် နေ့/ည အချိန်မရွေး တိုက်ခတ်လျက်ရှိပါသည်။ တစ်ခါတစ်ရံ လေတိုက်နှုန်း ပိုမိုပြင်းထန်တတ်သဖြင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြောက်ပိုင်းဒေသများသို့ အမြင့်ပေ ၁၈၀၀၀ အနီး သို့မဟုတ် အထက်မှ ပျံသန်းမည့် လေယာဉ်များ ခရီးစဉ်များသည် အားအသင့်အတင့်မှ အားကောင်းသည့် လေဂယက်ထမှု (Moderate to Strong Turbulence) နှင့်အတူ တိုက်လေအလျင်နှင့် တိုက်လေလာရာအရပ် ပြောင်းလဲမှုများ (Wind Speed and/or Direction Shear) များ ကြုံတွေ့ရတတ်ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေကြောင်း မိုးလေဝသဌာနခွဲမှ ပြည်တွင်း ပြည်ပလေကြောင်း ခရီးစဉ်များအတွက် လေကြောင်းမိုးလေဝသ ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ကြိုးစားထုတ်ပြန်ပေးလျက်ရှိ

တင်ပြခဲ့သော အကြောင်းအရာများတွင် ဆောင်းရာသီအတွင်း ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်သည့်အကြောင်းအရင်းနှင့် အကျိုးဆက်များကို ယေဘုယျတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ မိုးလေဝသ အခြေအနေများသည် အချိန်၊ နာရီမလပ် ပြောင်းလဲရွေ့လျားတတ်သကဲ့သို့ ဒေသတွင်း ရာသီဥတုဖြစ်စဉ်များသည် တစ်ခါတစ်ရံ အစွန်းရောက်တတ်ကြောင်းကို ပစိဖိတ်သမုဒ္ဒရာတွင် လက်ရှိဖြစ်ပေါ်နေသော အားအသင့်အတင့်မှ အားကောင်းသည့် လာနီညာ၏ အကျိုးဆက်အဖြစ် အာရှတိုက်အချို့နိုင်ငံများတွင် ပုံမှန်ထက် အေးခဲသော ရာသီဥတုများ ဖြစ်ပေါ်နေခြင်းနှင့် အချို့ဒေသများတွင် ဆုံးရှုံးမှု အများဆုံးစံချိန်တင်ရသည့် မုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်ရေကြီးမှု စသည့် အရေးပေါ်သဘာဝဘေးများ အစဉ်လိုက်ဖြစ်ပေါ်နေခြင်းများသည် အေး၍ စွတ်စိုသော အစွန်းရောက်ရာသီဥတုများ (Extreme Climate Events) မှ အဓိကဖန်တီးနေကြောင်း သိသာထင်ရှားစေပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲနေသော မိုးလေဝသနှင့် ရာသီဥတု အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ ထူးခြားသည့် မိုးလေဝသအခြေအနေများ ဖြစ်ပေါ်နိုင်ပါက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး စသည့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများမှ လျော့ပါးသက်သာစေရန်အတွက် ထိရောက်မှုရှိသော၊ ရှင်းလင်းလွယ်ကူသော ခန့်မှန်းချက်၊ သတင်းနှင့် သတိပေးချက်များကို နိုင်ငံပိုင် ရုပ်/သံလွှင့်မီဒီယာ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်နေသော အသံလွှင့်မီဒီယာနှင့် ပုံနှိပ်မီဒီယာများမှတစ်ဆင့် ကြိုးစားထုတ်ပြန်ပေးလျက်ရှိပါသည်။ နေ့စဉ် မိုးလေဝသခန့်မှန်းချက်သတင်းများကို ကြည့်ရှု၊ လေ့လာ၊ နားဆင်ခြင်းဖြင့် ဖြစ်ပေါ်ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေပြုမူစီမံ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

ဇယား(၁) (၁၉၆၁) ခုနှစ်မှ (၂၀၀၀)ပြည့်နှစ်အတွင်း အနိမ့်ဆုံးကျဆင်းခဲ့သည့် ဇန်နဝါရီလ ညအပူချိန်များ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	မြို့	အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်)	တိုင်းထွာရရှိခဲ့သည့် နေ့ရက်
၁။	ကချင်ပြည်နယ်	ပူတာအို	၁. ၆	၁-၁-၁၉၇၉
၂။		မြစ်ကြီးနား	၅. ၀	၂-၁-၁၉၆၃
၃။	ရှမ်းပြည်နယ်	ကျိုင်းတုံ	၃. ၂	၁-၁-၁၉၇၆
၄။		တောင်ကြီး	၀. ၃	၂၀-၁-၁၉၇၄
၅။		လားရှိုး	-၂. ၂	၃၁-၁-၁၉၆၄
၆။		ပင်လောင်း	-၃. ၆	၆-၁-၁၉၇၆
၇။	ချင်းပြည်နယ်	ဟားခါး	-၄. ၅	၂-၁-၂၀၀၀
၈။	စစ်ကိုင်းတိုင်းဒေသကြီး	ဟုမ္မလင်း	၄. ၀	၇-၁-၁၉၈၃
၉။	(အထက်ပိုင်း)	ကသာ	၂. ၆	၁၉-၁-၁၉၈၉
၁၀။	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	မုံရွာ	၆. ၈	၃၁-၁-၁၉၆၄
၁၁။	မန္တလေးတိုင်းဒေသကြီး	မန္တလေး	၇. ၂	၃၁-၁-၁၉၆၄
၁၂။	နေပြည်တော်	ပျဉ်းမနား	၇. ၈	၁၁-၁-၁၉၉၀
၁၃။	မကွေးတိုင်းဒေသကြီး	မကွေး	၅. ၀	၁၇-၁-၁၉၈၉
၁၄။	ရခိုင်ပြည်နယ်	စစ်တွေ	၈. ၇	၂၁-၁-၁၉၇၀
၁၅။		သံတွဲ	၅. ၀	၁၄-၁-၁၉၈၉
၁၆။	ပဲခူးတိုင်းဒေသကြီး	ပဲခူး	၇. ၆	၁၄-၁-၁၉၉၈
၁၇။		ပြည်	၁၁. ၀	၁၄-၁-၁၉၇၈
၁၈။	ရန်ကုန်တိုင်းဒေသကြီး	ကမ္ဘာအေး	၁၀. ၀	၂၆-၁-၁၉၉၃
၁၉။	ဧရာဝတီတိုင်းဒေသကြီး	ပုသိမ်	၁၂. ၀	၁-၁-၁၉၇၄
၂၀။	ကယားပြည်နယ်	လွိုင်ကော်	၀. ၆	၂၀-၁-၁၉၆၆
၂၁။	ကရင်ပြည်နယ်	ဘားအံ	၉. ၄	၁-၁-၁၉၇၄
၂၂။	မွန်ပြည်နယ်	မော်လမြိုင်	၁၀. ၈	၂-၁-၁၉၇၆
၂၃။	တနင်္သာရီတိုင်းဒေသကြီး	ထားဝယ်	၁၀. ၀	၁၈-၁-၁၉၆၃
၂၄။		ကော့သောင်း	၁၄. ၅	၃-၁-၁၉၉၆

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

စာရင်းစစ်ချုပ်ရုံး ပြည်နယ် /တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးချုပ်၊ ပြည်နယ်၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်ရာ၌ မိမိ၏တာဝန်ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သမာသမတ်ကျစွာ အဂတိကင်းကင်းရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် စစ်ဆေးရန်၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းများ နစ်နာဆုံးရှုံးမှုကို အချိန်မီစစ်ဆေးဖော်ထုတ်၍ အပြည့်အဝ ပြန်လည်ပေးသွင်းစေရေးအတွက် တွန်းအားပေး ဆက်လက်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းခွင့်ပြုထားသည့် နှုန်းထားများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်မှု ရှိစေရေး၊ ငွေ၊ ပစ္စည်းနစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အလေးပေးစစ်ဆေးရန်၊ စစ်ဆေးတွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (တာဝန်)က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် သီရိလင်္ကာ နိုင်ငံခြားရေးဒုတိယဝန်ကြီးအဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Neomal Perea ခေါင်းဆောင်၍ အဖွဲ့ဝင်လေးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံကြသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ သီရိလင်္ကာနိုင်ငံ၌ ကျင်းပမည့်ပြပွဲများသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သကြား၊ လက်ဖက်ခြောက်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (Asia Brave Trading Ltd.)တို့၏ သမီး မသဲရတနာထွေး၊ မဆုသီရိစံတို့၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်ငါးသိန်းကို ကြည့်မြင်တိုင် မျက်မမြင်ကျောင်း(ပန်းပင်ကြီးလမ်း)မှ ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များ ကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ (1st Touranament) ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပပြီးစီးသွားရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Ghassan AL-ANSI (YEM) က ပထမ၊ Isaae ONG (စင်ကာပူ)က ဒုတိယရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် နီလာဝင်း (မြန်မာ)က ပထမ၊ Ang Geraldine (စင်ကာပူ)က ဒုတိယရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် Kareem Allaf နှင့် Mohammad Azhari (သီရိလင်္ကာ)အတွဲက ပထမ၊ အာကာကျော်နှင့် ဝင်းနိုင်ဦး(မြန်မာ) အတွဲက ဒုတိယရရှိသွားသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် နီလာဝင်း (မြန်မာ)နှင့် Shaema AL-OLFI (YEM) အတွဲက ပထမ၊ Kavindinya Desilva နှင့် Nethmi Waduge (သီရိလင်္ကာ)အတွဲက ဒုတိယ ရရှိသွားသည်။

ITF 14 & Under Asian Championships 2011 Group(2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မမီမီသက်ခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

News Watch(စောင့်ကြည့်) သတင်းဂျာနယ် အတွဲ ၆၊ အမှတ် ၂၉ ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

ကမ္ဘာ့တတိယအကြီးဆုံး ကွန်တိန်နာသင်္ဘော မြန်မာ့ဆိပ်ကမ်းသို့ ဆိုက်ကပ်၊ မြန်မာနိုင်ငံတွင် မလေးရှားလုပ်ငန်းရှင်များ ပူးပေါင်း၍ ချောကလက်စက်ရုံ တည်ဆောက်မည်၊ လေးမြွှာပူးကလေး ယောကျ်ားလေးသုံးယောက်နှင့် မိန်းကလေးတစ်ယောက် အောင်မြင်စွာမွေးဖွားခဲ့၊ ၂၀၁၁ မှာ ပထမဆုံး ဦးဦးဖျားဖျား ဗိုလ်ချုပ်ဈေးမီး၊ ငါးသိန်းတန် CDMA ဖုန်း နေ့ချင်းပြီး လျှောက်ထားနိုင်၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ဆန်တန်ချိန် ခုနှစ်သောင်း တင်ပို့နိုင်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင်းက စိုင်းဒင်ရေအားလျှပ်စစ် ၂၀၁၂ ခုနှစ်မှာ ပြီးစီးမည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်လေကြောင်း ပျံသန်းမည်၊ ကြက်၊ ဘဲ ဒိုင်များ ကြက်ငှက်တုပ်ကွေး ကာကွယ်မှုများပြုလုပ်၊ ရန်ကုန်-မန္တလေး ဝါယာလက်ဖုန်း ကုတ်နံပါတ်မှ မိုဘိုင်းဖုန်း ကုတ်နံပါတ်များ ပြောင်းလဲနိုင်၊ ပုသိမ်မြို့တွင်း ကုန်ကားများ မဝင်မှ ယာဉ်အန္တရာယ်ကင်းရှင်းလာ၊ ရန်ကုန်-ပုသိမ် တန်ဆာခ ပြန်ကျ၊ ပဲခူးဥသျှောင်မြို့သစ်မှ အမျိုးသမီးတစ်ဦး မလေးရှားတွင် လုပ်ကိုင်ခဲ့ရ၊ အင်းလေးဒေသ စိုက်ပျိုးရေးကို ဓာတ်မြေဩဇာသုံးမှုလျှော့၊ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဒီဇယ်တစ်ဂါလန်ကို မိုင် ၃၀၀ ကျော်မောင်းနိုင်သည့် ဘောက်စ်ဝက်ဂွန်ကားသစ်ထွက်ပေါ်၊ တရုတ်နှင့် အမေရိကန် မဟာပူးပေါင်းဆောင်ရွက်ရေး၊ မော်စကိုလေဆိပ်ဗုံးခွဲမှု တရားခံများကို ဖော်ထုတ်၊ နိုင်ငံကြီးများရဲ့ စစ်ရေးပြကွင်းဖြစ်သော အာဖဂန်ပါလီမန် ကျင်းပရေး မပြေလည်၊ အယ်လ်ဂျီးရီးယား ဒီမိုကရေစီ လိုလားသူများ ဒဏ်ရာရ စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း စုံလင်စွာဖြင့် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။ (သတင်းစဉ်)

မန္တလေးမြို့ အထက(၁၆)၌ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ အမှတ်(၁၆) အထက၌ ၁၉၆၂ မှ ၂၀၁၀ ခုနှစ်ထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းစုဝေးခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အထက (၁၆)ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းနှင့် ကျောင်းသားဟောင်း၊ ဆရာ၊ ဆရာမများ ဖုန်း-၀၂-၃၂၂၈၈၊ ဒေါ်မြတ်သူဇာ ဖုန်း-၀၂-၃၂၈၈၁၊ ဦးအောင်မွန်လတ် (လက်ထောက်ညွှန်မှူး၊ တိုင်းဒေသကြီး ထွေ/အုပ်၊ မန္တလေး) ဖုန်း-၀၉-၅၀၄၆၄၀၇၊ ဦးသိန်းထွန်းဇော် (ဦးစီးအရာရှိ၊ မန္တလေးမြို့တော်မြေစာရင်းဦးစီးဌာန)ဖုန်း-၀၉-၂၀၀၃၂၃၄၊ ဒေါ်ပုလဲ (ရန်ကုန်မြို့) ဖုန်း-၀၉-၅၁၉၁၁၅၁၊ ဒေါ်ကြည်ကြည်ငွေ (ရန်ကုန်မြို့) ဖုန်း-၀၁-၇၀၃၈၁၆ နှင့် မန္တလေးမြို့ရှိ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မေတ္တာဖွေးဖြူအောင်လံထူ" တရားတော် (ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၅)**
၈း၅၀	Activities In The City (Yangon Media Group ၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနား)
၉း၀၀	သန့်ရှင်းလတ်ဆတ်သောဆီသန့်မှသည်ကျန်းမာရေးဆီသို့
၉း၂၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း (နေဆန်းနှင့်တွေ့ဆုံခြင်း)
၁၀း၄၅	သွားမယ်စားမယ် (Sen Viet)
၁၁း၀၀	ကြည်လင်ဝင်းပသဘာဝ ဆေးစွမ်းအလှ
၁၁း၁၀	MNL Preview
၁၁း၄၀	ပန်းချီပြခန်း (The Art Gate)
၁၁း၅၀	Goals of the week
၁၂း၀၅	ထာဝစဉ်အေးမြကြည်လင်ရေဆင်းရဲ့ဂုဏ်အင်
၁၂း၃၅	လင်းလက်ကြယ်ပွင့်တို့နှင့်ယနေ့ကျန်းမာရေး (အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီ၊ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁း၀၀	"မေတ္တာဖွေးဖြူအောင်လံထူ" တရားတော် (ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၂း၅၅	MRTV-4 အစီအစဉ် တင်ဆက်သူရွေးချယ်ပွဲ (အပိုင်း-၂)
၃း၄၅	ပုသိမ်မြို့မှခေါင်းလောင်းသံ
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၅)**
၅း၀၅	Sports Diary
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၁)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၉)**
၇း၂၀	ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲဇာဖက်ရှင်)
၇း၅၀	ရွှေမန်းမြေမှရွှေကျင်နိကာယ နှစ်(၁၅၀)ပြည့်အလှူပွဲ
၈း၀၀	MRTV-4 သတင်း
၈း၃၀	၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၁၀း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အရိပ်စစ်" (အပိုင်း-၁၁၆)**
၁၁း၃၀	FA Cup (Southampton Vs Man U)
၁း၃၀	ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၂း၁၀	သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
၂း၂၀	ကျစ်လျစ်ခံ့ညားစေမှာ Slim Men Centre
၂း၃၀	အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၂း၄၀	လက်မှုပညာ၏ဆန်းသစ်သောဖန်တီးမှုနှင့်. . .
၂း၅၀	World of Knowledge (Salvage Code Red Fire Storm)
၃း၄၀	နယဉ်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
၄း၀၀	Shooting Location (မစန္ဒာအိမ်)
၄း၂၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (ပန်းချီပညာဌာနအကြောင်း သိကောင်းစရာများ)
၄း၃၅	ခါတလှည့်. . . လာလှည့်ပါ ဆိပ်ခွန်ရွာ
၄း၄၅	သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Everton	-	Chelsea	ESPN (Live)
၉း၀၀	Birmingham	-	Coventry City	ESPN (Live)
၁၁း၃၀	Southampton	-	Man U	ESPN (Live)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က စမ်းချောင်းမြို့နယ် ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု စမ်းချောင်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောရပ်ကွက်ရှိ အရှည်ပေ ၁၂၀၀ နှင့် အကျယ် ၁၈ ပေရှိ အောင်သပြေလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တာဝန်ရှိသူတို့နှင့် အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက်ရှိ ကံ့ကော်လမ်း၊ စံပယ်လမ်း၊ ဦးညိုလမ်းနှင့် လမ်းသွယ်ခုနစ်လမ်း၊ မုန့်လက်ဆောင်းကုန်းရပ်ကွက်ရှိ ရန်ပြုလမ်း၊ ဝေဠုဝန်အိမ်ရာတိုက် ၂/၃ အိမ်ရာလမ်း၊ ဦးရွှေမှန် (၁)လမ်းနှင့် (၂)လမ်း၊ ဝေဠုဝန်အိမ်ရာတိုက် ၄၊ ၅၊ ၆ ပတ်လမ်း၊ ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်း ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်များကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ဂုဏ်ပြု အမှာစကားပြောကြားပြီး **(ယာပုံ)** လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦး အပါအဝင် စုစုပေါင်း ၂၀ တို့အား ဆုများချီးမြှင့်၍ လေးဘာသာဂုဏ်ထူးရှင် မောင်ချမ်းငြိမ်းအောင်အား ဘွဲ့ရသည်အထိ နှစ်ရှည်ပညာသင်ဆု ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနား၌ ဝန်ကြီးဌာနအားကစားပြိုင်ပွဲတွင် ဆုရ အားကစားသမားနှစ်ဦးနှင့် အကြိမ်(၃၀)နှင့် (၅၀)အထက် သွေးလှူရှင် ဝန်ထမ်းသုံးဦးတို့အား ဂုဏ်ပြုလွှာနှင့် ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စလင်းမြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး ဂုဏ်ထူးရရှိသူများအား ချီးကျူး ဂုဏ်ပြုပွဲနှင့် စလင်းမြို့ အထက/အလက များတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသည့် အသက် ၆၅ နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဓမ္မာရုံ(ယခင်၊ စား/ဖျော်)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ စလင်းမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက် (၇၅) နှစ်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သား၊ သမီးများစာရင်းကို အမှုဆောင်များထံသို့ ဇန်နဝါရီ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည) ၂၉-၁-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ပညာ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း (၂၆)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်တေးကဗျာ- စိတ်ကြွရူးသွပ်ဆေး)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ရွှေဖလားကိုငွေနားကွပ်ဖို့မလိုပါ) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဒဏ္ဍာရီလာသတ္တဝါများ-၁)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲ့တင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းခိုင်
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (အဆစ်အမြစ်ကိုက်ခဲခြင်း) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	ညချမ်းချိန်ခါတေးပဒေသာ စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဖျာပုံမြို့ အမက(၁၂) မြတ်ဆရာပူဇော်မည်

ဖျာပုံ ဇန်နဝါရီ ၂၈

ဖျာပုံမြို့ မြောက်ပိုင်းကျောင်း (ယခုအမက ၁၂)၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဒေါက်တာလှိုင်မြင့် ဖုန်း-၀၄၅-၄၀၂၅၃၊ ဦးဂျော်နီထွန်း ဖုန်း-၀၉-၈၅၉၀ ၁၂၈၊၀၁-၅၀၁၆၃၃ (လိုင်းခွဲ-၅၀၃)၊ ဦးတင့်ဇော် ဖုန်း-၀၄၅-၄၀၉၀၂၊ ဦးထင်အောင် ဖုန်း-၀၄၅-၄၀၁၈၅၊ ဦးကျော်ဝင်းသန်း ဖုန်း-၀၄၅-၄၁၃၉၉၊ ဦးမင်းမင်းကြွယ် ဖုန်း-၀၄၅-၄၀၉၇၉၊ ဦးကျော်စိုးမိုး ဖုန်း-၀၄၅-၄၀၉၁၃၊ ဒေါ်ဆန်းညွန့် ဖုန်း-၀၄၅-၄၀၀၆၁နှင့် ဦးတင်ထွန်းနိုင် ဖုန်း-၀၄၅-၄၀၃၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၈၃)

တံတားဦး(အထက) အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

တံတားဦး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ရတနာထွန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဇော်၊ ဖြစ်မြောက်ရေးကော်မတီနာယက ဦးမြင့်သန်း၊ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီးနှင့် နာယက ဦးမြင့်သန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားတင်ပြကြသည်။

ပူဇော်ကန်တော့

ဆက်လက်၍ အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၇၂ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီး၊ ဆရာမကြီးတို့က ဆုပေးစကား ပြောကြားကြသည်။ **(အောက်ပုံ)**

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သူကောင်းကုန်းကျေးရွာ စက်ရေတွင်းတူးဖော်ရေးအတွက် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်နိုင် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မုံရွာမြို့၌ ဆိုင်ကယ်နှစ်စီး တိမ်းမှောက် တစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက် ဒေါင်းကျောင်းရှေ့၌ ဇန်နဝါရီ ၂၅ ရက် ည ၇ နာရီခွဲခန့်တွင် ဆိုင်ကယ်နှစ်စီးချိတ်မိပြီး တိမ်းမှောက်သွားခဲ့သဖြင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့ကြောင်း၊ နယ်မြို့များတွင် ဆိုင်ကယ်များကို ဦးထုပ်မဆောင်းဘဲ စီးနင်းမှုများကြောင်း၊ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားပါက ဦးထုပ်စနစ်တကျမဆောင်းထားသူမှာ အသက်ပါဆုံးရှုံးရသည်အထိ အန္တရာယ်များကြောင်း၊ သို့ဖြစ်၍ ဆိုင်ကယ်စီးနင်းသူများ သတ်မှတ်စည်းကမ်းကို လိုက်နာစီးနင်းသင့်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ (သတင်းစဉ်)

ကတ္တရာခင်း

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထူးကြီးမြို့ သီရိမင်္ဂလာလမ်း ကတ္တရာခင်းခြင်းကို ဒီဇင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)၏ Heavy Turbo Truck Manufacturing Plant အတွင်း မော်တော်ယာဉ် စက်ပစ္စည်းအစိတ်အပိုင်းများ အဆင့်ဆင့်တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

✪ ရွှေဖုံးမှ

အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်သည့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို ၁၅-၇-၂၀၁၀ ရက်တွင် လည်းကောင်း၊ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး) Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant တို့ကို ၃၁-၁၂-၂၀၁၀ ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ထောင်သည့် စက်မှုသင်တန်းကျောင်း Industrial Training Center (မကွေး)စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

စက်မှုသင်တန်းကျောင်း (မကွေး) စီမံကိန်းကို မော်တော်ယာဉ်စက်မှုလုပ်ငန်းများအတွက် ခေတ်မီနည်းပညာဖြင့် စနစ်တကျ တတ်ကျွမ်းထားသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်သားများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားစေရန်အတွက် Advance Training လေ့ကျင့်ပေးနိုင်ရန်၊ မော်တော်ယာဉ်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ စနစ်တကျ ဖြစ်လာစေရန်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ အရည်အသွေး တိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည် ဖော်ထားခြင်းဖြစ်သည်။

စက်မှုသင်တန်းကျောင်း(မကွေး)ကို ကိုရီးယားသမ္မတနိုင်ငံ Korea International Cooperation Agency (KOICA) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)၏ Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ နှစ်သစ်ကို မင်္ဂလာသတင်းစကားဖြင့် ကြိုဆိုနိုင်ခဲ့လေသည်။

အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)သည် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ခြောက်မိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီးလမ်း၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းသည် စီမံကိန်းနယ်မြေဧရိယာဧက ၁၃၀၀၊ စက်ရုံဧရိယာ ဧက ၂၅၀ ကျယ်ဝန်းပြီး အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ စီမံကိန်းဧရိယာအတွင်း Heavy Turbo Truck Manufacturing Plant, Gear & Transmission Plant နှင့်အတူ စက်မှုသင်တန်းကျောင်း (Industrial Training Center) ကိုပါ ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)၏ Heavy Turbo Truck ကို အိန္ဒိယသမ္မတနိုင်ငံမှ Tata Motors Ltd. ၏ နည်းပညာအကူအညီရယူ၍ မိမိအင်အားဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအားအနေဖြင့် 20~40 Ton Heavy Turbo Truck (6x2 & 6x4) ဘယ်မောင်း မော်တော်ယာဉ်များကို တစ်နှစ်လျှင် အစီး ၅၀၀၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်က TE Truck ထုတ်လုပ်သည့် အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်) ရှိခဲ့ပြီး ယင်းစက်ရုံမှ ၆ ဒသမ ၅ တန် TE-11 နှင့် TE-21 များ ထုတ်လုပ်ခဲ့သည်။ အဆိုပါ စက်ရုံကို ဂျပန်နိုင်ငံမှ Hino Motor ကုမ္ပဏီလီမိတက်နှင့် စက်မှုနည်းပညာ ပူးပေါင်း၍ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၇၂ ခုနှစ်မှ စတင်၍ ကုန်တင်ယာဉ်များကို ထုတ်လုပ်ခဲ့သည်။ ယခုအခါ အဆိုပါ စက်ရုံမှ (၁၀~၁၅) တန် TE-31 မော်တော်ယာဉ်များကို ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)ကို ထပ်မံတိုးချဲ့တည်ဆောက်ခြင်းဖြင့် ခေတ်မီတိုးတက်သော မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများရရှိနိုင်မည့် Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံတစ်ခု ထပ်မံပေါ်ထွန်းလာခြင်း၊ နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ် လိုအပ်သော Heavy Turbo Truck (20~40 Ton) များ ထုတ်လုပ်နိုင်ခြင်း၊ Civilian Vehicle များဖြစ်သည့် City Bus,Car go Truck, Dump Truck, Water Bowser, Fire Fighting Truck များ ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်တွင်းစက်မှုဇုန်များရှိ မော်တော်ယာဉ် ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုနည်းပညာ နမူနာရယူနိုင်သည့် စက်ရုံတစ်ခုဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရရှိမည်ဖြစ်သည်။



အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)၏ Heavy Turbo Truck Manufacturing Plant အတွင်း မော်တော်ယာဉ် စက်ပစ္စည်းအစိတ်အပိုင်းများ အဆင့်ဆင့်တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

Gear & Transmission Plant တည်ဆောက်ခြင်းဖြင့် ယခင်အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ယခင်က မာဇဒါဂျစ်၊ ဟီးနိုး-တီအီး၊ ထွန်စက်များ၏ ဂီယာဘောက်များသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါတွင် ခေတ်မီ မော်တော်ယာဉ်များ၏ ဂီယာဘောက်များ ထုတ်လုပ်သွားနိုင်မည်ဖြစ်ခြင်း၊ နောင်တွင် Marine ဂီယာဘောက်များ ထုတ်လုပ်သွားနိုင်မည်ဖြစ်ခြင်း၊ သာဂရဘက်စုံသုံးဒီဇယ်အင်ဂျင်စက်ရုံမှ ထွက်ရှိမည့် ဒီဇယ်အင်ဂျင်များနှင့် တွဲဖက်အသုံးပြုရန် လိုအပ်သော Transmission System များကို ပြည်တွင်း၌ ထုတ်လုပ်၍ သုံးစွဲသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ထုတ်လုပ်မှုနည်းပညာ ရရှိစေခြင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ၁၉၈၈ ခုနှစ်မတိုင်မီက Mazda Jeep နှင့် TE-11, TE-21 Truck တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များနှင့် စက်ယန္တရား အမျိုးအစားများစွာ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းခွင်သုံး မော်တော်ယာဉ်များနှင့် စက်ယန္တရားများ ပိုမိုလိုအပ်လာမည်ဖြစ်သည်။ မော်တော်ယာဉ်များနှင့် အင်ဂျင်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းအားဖြင့် နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည့်အပြင် နိုင်ငံခြားငွေ ကုန်ကျမှု လျော့နည်းသက်သာစေမည် ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း မော်တော်ယာဉ်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုလာနိုင်မည်ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် "ခေတ်မီစက်မှုနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ခြင်းဖြင့် ပါဝင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး) ၏ Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant တို့သည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု သမိုင်းစဉ်တွင် ခေတ်သစ်တစ်ခုသို့ တက်လှမ်းနိုင်စေမည့် အခြေခံအဆောက်အအုံ စက်ရုံများဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ် (၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (မကွေး) မှ ထုတ်လုပ်သည့် Heavy Turbo Truck LPT (2116) မော်တော်ယာဉ် ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၂၀ ၄။ အဖွင့်သီချင်း
၁၁:၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၂၅)
၁၂:၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -လျှို့ဝှက်ချက်အဇ္ဈာ (ပြေတီဦး၊ ချောရတနာ၊ [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]**
၁:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၂:၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၁၆)**
၂:၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃:၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀ ၆။ ကုန်သွယ်သုတ
၄:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၈။ မျိုးချစ်တပ်မတော်
၄:၄၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၅ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆:၅၀ ၁၅။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၄)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ လူရွှင်တော်စကား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၅)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၂၃)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ယခုနှစ်ရာသီကုန် အနားယူတော့မည်ဟု ဗန်ဒါဆား အတည်ပြု

မန်ချက်စတာယူနိုက်တက် ဇန်နဝါရီ ၂၈

မန်ချက်စတာယူနိုက်တက် အသင်း ဂိုးသမား ဗန်ဒါဆားသည် သူ၏မိသားစု အတွက် အချိန်ပိုမိုပေးနိုင်ရန် ယခုနှစ် ရာသီကုန်၌ ဘောလုံးလောကမှ အနား ယူမည်ဖြစ်ကြောင်း အတည်ပြုပြော ကြား သွားသည်။

မန်ယူနည်းပြ ဆာအဲလက်စ်ဖာဂူဆန် က သူ့အနေဖြင့် အသက် (၄၀) အရွယ်ရှိ ဗန်ဒါဆားအား ယခုနှစ် ရာသီကုန်တွင် အသင်းမှထွက်ခွာမည်ကို မျှော်လင့်ထား ပြီး ဖြစ်ကြောင်း အစောပိုင်းက ဝန်ခံပြော ကြားခဲ့ပြီးဖြစ်သည်။

ဗန်ဒါဆားအား မန်ယူနည်းပြက အိုးထရက်ဖို့ဒ်၌ နည်းပြအဖွဲ့ဝင်အဖြစ် ဆက်လက် တာဝန်ထမ်းဆောင် စေလို သော်လည်း နွေရာသီ၌ ဘောလုံး လောကမှ အပြီးစွန့်ခွာတော့မည်ဟု ၎င်းက ပြောကြားသွားသည်။

သူ၏ ဇနီးဖြစ်သူ အန်နီမာရီ ပြီးခဲ့တဲ့ နှစ်က ဦးနှောက်ပိုင်းဆိုင်ရာ နာမကျန်းမှု ဖြစ်ကတည်းက ပြုစုစောင့်ရှောက်ရန်

အသင်းမှ စွန့်ခွာလိုခဲ့ကြောင်း၊ သူ၏ မိသားစုအနေနှင့် သူဘောလုံးဆက်ကစား မည့် ကိစ္စနှင့်ပတ်သက်၍ ဘာမှဝင်မစွက် ဖက်သော်လည်း အားလုံးက သူ့ကိုအမှန် တကယ် မှီခိုအားထားကြောင်း၊ ထို့ကြောင့် သူ့အနေဖြင့်လည်း ပြန်လည်နားလည် ရမည်ဖြစ်ကြောင်း ဗန်ဒါဆားက Sport-Promotional အား ပြောကြားသွားသည်။

ဟော်လန် လက်ရွေးစင်ဟောင်း ဗန်ဒါဆားက ဆက်လက်ပြောကြားရာတွင် သူ၏ဘောလုံးလောကမှ အနားယူမည် ဆုံးဖြတ်ချက်မှာ သူ၏အသက်နှင့် မဆိုင် ကြောင်း၊ အသက် (၄၀)ရောက်သော်လည်း ကျန်းမာသန်စွမ်းနေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

ချယ်လ်ဆီး၏ တောရက်စ်အား ကမ်းလှမ်းမှု လီဗာပူးလက်မခံ

လီဗာပူး ဇန်နဝါရီ ၂၈

လီဗာပူးအသင်းက အသင်း၏ တိုက်စစ်မှူးဖြစ်သူ ဖာနန်ဒိုတောရက်စ် အပေါ် ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်း မှုအား ပယ်ချလိုက်သည်ဟု သတင်း တစ်ရပ်က ဆိုသည်။

“ချယ်လ်ဆီးက ဖာနန်ဒိုအတွက် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ခဲ့ပါတယ်၊ ဒါကို လီဗာပူးက လက်မခံခဲ့ပါဘူး၊ ဒီ ကစားသမားက ရောင်းရန်မဟုတ်ပါ”ဟု လီဗာပူးအသင်းမှ တာဝန်ရှိသူ တစ်ဦးက ‘သည်တိုင်းမ်’ သတင်းစာသို့ ပြောကြား သွားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အဆိုပါ စပိန်လက်ရွေးစင် ကစားသမားများကို စိတ်ဝင်စားနေသည်မှာ ကြာမြင့်လှပြီဖြစ် ကြောင်း အသင်းပိုင်ရှင် မိုဗစ်ချ်က ဇန်နဝါရီ ဈေးကွက်ပိတ်ခါနီးတွင် အံ့အား သင့်ဖွယ် အပြောင်းအရွှေ့ တစ်ရပ်ပြု လုပ် ရန် မီးစိမ်းပြလိုက်သည်နှင့် ချယ်လ်ဆီး အသင်းက ထိုကစားသမားခေါ်ယူရန် ကမ်းလှမ်းလိုက် ခြင်းဖြစ်သည်ဟု ဆိုသည်။

ကမ်းလှမ်းမှုမှာ ပေါင် ၃၅ သန်း ဝန်း ကျင်ခန့်ရှိသည်ဟု ယုံကြည်ရပြီး လီဗာပူး က တောရက်စ်ကို ရောင်းချရန် ဆန္ဒမရှိ ပါဟု ကြေညာခဲ့သည်။

ယခင်နည်းပြ ရှိုင်းဟော့ဆန် လက် ထက် ရာသီအစပိုင်းတွင် ရုန်းကန်နေခဲ့ ရသော တောရက်စ်သည် လက်ရှိနည်းပြ ကင်နီးဒါးဂလစ်ရှ်လက်အောက်တွင် ပုံမှန် ခြေစွမ်းပြန်လည် ရရှိလာပြီဖြစ်သည်။

တောရက်စ်၏ လီဗာပူးအသင်းနှင့် စာချုပ်မှာ ၂၀၁၃ ခုနှစ် အထိဖြစ် သော်လည်း စာချုပ်ထဲတွင် ပေါင်သန်း ၅၀ဖြင့် ကမ်းလှမ်းခံရပါက ထွက်ခွာ ခွင့်ပြုရမည်ဟူသော စကားရပ်အား ထည့်သွင်းချုပ်ဆိုထားသည်။

ချယ်လ်ဆီး အသင်းကလည်း ကစားသမားသည် အောင်မြင်မှုနှင့် ဝေးကွာနေသော အန်ဖီးလ်ဒ်မှ ထွက်ခွာ ဖွယ်ရှိသည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အင်တာနက်။

ငါန်းဇွန်မြို့နယ်စည်ပင် မြို့တွင်းလမ်း ကျောက်ချောလမ်းခင်း

ငါန်းဇွန် ဇန်နဝါရီ ၂၈

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်း အမှတ်(၅) ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁ ရက်က မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဆိုင်ကယ်တစ်စီးလေးယောက်စီးကာ ထော်လာဂျီနှင့်တိုက် နှစ်ဦး ပွဲချင်းပြီးသေဆုံး လေးဦး အတွင်းလူနာဖြစ်

ကျွန်းကုန်း ဇန်နဝါရီ ၂၈

လူငယ်လေးယောက် စီးနင်းလာသော ဆိုင်ကယ်နှင့် ထော်လာဂျီယာဉ်တို့ ည အချိန် မျက်နှာချင်းဆိုင်တိုက်မိရာက ဆိုင်ကယ်စီးနင်းသူ နှစ်ဦး ပွဲချင်းပြီး သေ ဆုံး၍ ကျန်လူများ ဒဏ်ရာအသီးသီး ရရှိခဲ့သော ယာဉ်တိုက်မှုတစ်ခု ပဲခူးတိုင်း ဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်း ရဲစခန်းအပိုင်၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁ နာရီ မိနစ် ၃၀ တွင် ဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေး (ပုံမှန်) ကားလမ်း မိုင်တိုင်အမှတ် (၁၇၈/၇)နှင့် (၁၇၉/၈) ကြား ကြံတောကျေးရွာအနီးတွင် မြောက် မှ တောင်သို့ ယာဉ်မောင်း ထွန်းထွန်း (၂၂) နှစ် ရေတာရှည်မြို့နယ်နေသူ မောင်းနှင် သည့် ၇၅/ထော်လာဂျီယာဉ်နှင့် တောင်မှ မြောက်သို့ စိုးခန့်ကျော် မောင်းနှင်ပြီး ကျော်စွာထက်၊ ဝေယံလင်း၊ နိုင်ညီထက် တို့ လေးဦးစီးနင်းလာသည့် တရုတ်နိုင်ငံ လုပ် KENBO 125 အနက်ရောင် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိ ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်း နှင်သူ စိုးခန့်ကျော်နှင့် ကျော်စွာထက် တို့နှစ်ဦး ဦးခေါင်းကြေမွ ဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာကြသည့် ဝေယံလင်း၊ နိုင်ညီထက်၊ ထော်လာဂျီ ယာဉ်မောင်း ထွန်းထွန်းနှင့် ယာဉ်ပေါ် တွင်လိုက်ပါလာသည့် သန်းစိုးတို့မှာ ဒဏ်ရာများ အသီးသီး ရရှိသွား၍ တောင်ငူ ဆေးရုံကြီးသို့ အတွင်းလူနာ များအဖြစ် တင်ပို့ပေးခဲ့သည်။

အမှုနှင့်ပတ်သက်၍ ကျွန်းကုန်း ရဲစခန်းမှ (ပ)၁၀/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၈/၃၀၄-ကဖြင့် အမှုဖွင့် ၍ စခန်းမှူး ရဲအုပ်မင်းအောင်က စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

LIFESTYLES EXPO-2011 ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၈

Milky Way International Co.,Ltd.သည် LIFESTYLES EXPO-2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင်Shine Group of Companies မှ Main Sponsor နှင့် Co-Sponsor များအနေဖြင့် Asia Metal Co.,Ltd., Everseiko Co.,Ltd. တို့မှ ပံ့ပိုးကူညီကြပြီး Crown Electronic, Yee Shin, Haier Aircon, Infinity Investment, ELBA Electronics, JBS Electronics, Royal Tun Electronics,Cash n Carry, Canon, Concordia, Amtt, Toshiba Kyaw Win, Myat Kan Moe, Midea တို့မှ Electronics နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Cyber City Co.,Ltd.မှ SUZUKI Note Book နှင့် ကွန်ပျူတာပစ္စည်းအမျိုးမျိုး၊ Hisense, Do Co Mo Mobile, Spice Well Com Mobile, SAMSUNG Mobile, Ko Ko Mo Mo တို့မှ မိုဘိုင်းနှင့် WiFi ဖုန်းအမျိုးမျိုး၊ SM^3 မှ ဖုန်းဆော့ဝဲလ်အမျိုးမျိုး၊ Maruart New Wood Creator, Home Distribution Group, ရွှေပင်ငွေပင် ဦးသန်းထွန်း၊ Gold Coil, Leeco, စိန်နှင့်မြ၊ Universal Furniture, MNZ, Golden Rose Industry တို့မှ နေအိမ်သုံး၊ ရုံးသုံး ခေတ်မီပရိဘောဂများနှင့် အဆင့်မြင့် အာမခံ သေတ္တာများ၊ Auto ရေမော်တာ ထိန်းချုပ်စက်၊ Htun Thit Oo, Sp Distribution Group, IQ Lamp, Good & More, UNITEX, Silver Lotus, Mya Na Di Trading တို့မှ လူသုံးကုန်ပစ္စည်းများနှင့် Cherry Oo မှ ကမ္ဘာ့နံပါတ်တစ် နာရီအမျိုးမျိုး၊ Kanebo, Pupa, Kracie, Now How, Sheene, Pierce Garden, FEM, Li Li တို့မှ အလှကုန်ပစ္စည်းများအပြင် သီဟရတနာစာပေ၊ Total Learning Academy တို့မှ ပညာရေးဝန်ဆောင်မှု သင်တန်းများ၊ United Pharma တို့မှ Revicon အားဆေးတို့ဖြင့် ပြခန်းပေါင်း ၁၄၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၅၀ ကျော်တို့က ဖျော်ဖြေရေး အစီအစဉ်များ၊ လက်ဆောင်ပစ္စည်းနှင့် အထူးဈေးနှုန်းများဖြင့် ခင်းကျင်း ပြသရောင်းချမည်ဖြစ်ပြီး Milky Way International Co.,Ltd. အနေဖြင့် ပြပွဲသို့ လာရောက်ကြည့်ရှု ဝယ်ယူသူများအတွက် Gift Voucher များအပြင် Laptop တစ်လုံးနှင့် အဝတ်လျှော်စက် တစ်လုံးတို့ကို ကံထူးသူ ရွေးချယ်ပေးမည်ဖြစ်သည်။ ပြပွဲအကြောင်းအရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၇၃၀၄၃၆၁၁နှင့် ၇၃၀၉၀၈၂၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖားကန့်မြို့နယ်၌ ပိုးသတ်ဆေးခတ်ထားသော ရေနှင့် အသီးအရွက်များ စားသောက်မိ၍ ကျွဲအချို့သေဆုံးခဲ့ ကူးစက်ရောဂါကြောင့် သေဆုံးမှုမဟုတ်သဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးထား

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ချင်းပြည်နယ် ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာ အတွင်းရှိ တောင်သူ ၁၅ ဦး၏ ကျွဲ ၃၆ ကောင်မှာ ရက်ခြားသေဆုံးသွားခဲ့သဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် ဖားကန့်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့သည် ယင်းကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်များအရ ကျွဲများသေဆုံးရခြင်းမှာ ပိုးသတ်ဆေးတစ်မျိုးကြောင့် သေဆုံး ရခြင်းဖြစ်ကြောင်း၊ ယင်းဒေသတွင် အင်းအိုင်များအတွင်း ဆေးခတ်၍ ငါးရှာခြင်း၊ သီးနှံ စိုက်ခင်းများအား ပေါင်းသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ခဲ့ကြရာ ကျွဲများသည် ဆေးခတ် ထားသည့် ရေနှင့် အသီးအရွက်များ စားသောက်မိ၍ သေဆုံးရခြင်းဖြစ်ကြောင်း၊ ကျွဲများ သေဆုံးရခြင်းမှာ ကူးစက်ရောဂါကြောင့် မဟုတ်ကြောင်း သိရှိရပြီး ကျန်ကျွဲ၊ နွားများ အား ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ပြုလုပ်ပေးခဲ့သဖြင့် ကျွဲ၊ နွား အသေ အပျောက် မရှိတော့ကြောင်း သိရှိရသည်။

ထို့ပြင် ကချင်ပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဆရာဝန် ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်တွင် အဆိုပါ ကျေးရွာသို့ ရောက်ရှိလာပြီး ကျွဲများ သေဆုံးခဲ့မှုအခြေအနေကို မေးမြန်းစစ်ဆေးကာ ကျွဲသေတစ်ကောင်၏ နမူနာပစ္စည်းများ အား ဓာတ်ခွဲစမ်းသပ်ရန် ယူဆောင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

အလှူရှင် ဗိုလ်ချုပ်ဝင်းသန်း-ဒေါ်ရီရီဝင်း မိသားစုက လှူဒါန်းသော ညောင်ပင်ဇင်ကျေးရွာ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းဆွေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘုရားကြီးအဝိုင်း တြိဂံကျွန်း၊ လမ်းလယ်ကျွန်းများ သာယာလှပရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက် (၁၀)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင် သန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တန်စိုးကျေးရွာ၌ မြေသားစိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မျိုးဌေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့ မြို့ရေပေးရေးတွင် တိုးချဲ့ဆောင်ရွက် နိုင်ရန်အတွက် ၁၆၀ KVA ထရမ်စဖော်မာ တပ်ဆင်ခြင်းကို ဒီဇင်ဘာ ၁၃ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ထူးခြားသည့်ညအပူချိန်များ

(၂၈-၁-၂၀၁၁)

ဟားခါး
သုည ဒီဂရီစင်တီဂရိတ်
နမ့်စန်
၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၂ ဒီဂရီစင်တီဂရိတ်
လားရှိုး
၃ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၈-၁-၂၀၁၁)

ပူတာအို
သုည ဒသမ ဝ၈ လက်မ
မချမ်းဘော
သုည ဒသမ ဝ၄ လက်မ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ

နေပြည်တော်သို့ရောက်ရှိ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့်သွားလာရေး အစစအဆင်ပြေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ထိုသို့ ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာက ကြိုတင်စီမံဆောင်ရွက်ပေးထားသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစစ အဆင်ပြေပြေ တည်းခိုနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများ တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ယနေ့ဆက်သွယ်ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂၈

ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ် ၅၉ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်အနီး)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ယနေ့ ဆောင်းပါးနှင့် သတင်းအညွှန်း

အကြမ်းဖက်အန္တရာယ် သတိပေးချက် အရောင်ဖြင့် အဆင့်သတ်မှတ်ရေးဥပဒေ ရုပ်သိမ်းဖွယ်ရှိ
စာမျက်နှာ - ၄

ကျော်လွင်ဦး(မိုး/ဇလ)၏ "ဆောင်း..နှင်း..မိုး..လေ" (ဆောင်းပါး)
စာမျက်နှာ - ၆

ယခုနှစ်ရာသီကုန်တွင် အနားယူတော့မည်ဟု ဗန်ဒါဆား အတည်ပြု
စာမျက်နှာ - ၁၀